# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 5, 2020 Volume 29, Number 3


| ၅.၃.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၃၉/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၃၈၈/- ကျပ် |
| CBM Rate | = ၁၃၉၃.၈ကျပ် |
| ယူရို တစ်ယူရို | = ၁၅၅၂.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၅.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၉၈.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၃.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၇၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၉.၀၂၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၇.၆၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၃၄.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၁၈၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အာဆီယံထုတ်လုပ်ရေးကဏ္ဍ ကိုးလအတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်ကောင်းမွန်လာပြီး အဆင့် (၁) နေရာတွင် ၁၂ လဆက်တိုက် ရပ်တည်ခဲ့သော မြန်မာနိုင်ငံ အဆင့် (၃) နေရာသို့ကျဆင်း



အာဆီယံထုတ်လုပ်ရေးကဏ္ဍ ကိုးလအတွင်း ပထမဦးဆုံးအကြိမ် ပြန်လည်ကောင်းမွန် လာပြီး အာဆီယံနိုင်ငံများထုတ်လုပ်မှု PMI ညွှန်းကိန်း၏ အဆင့် (၁) နေရာတွင် ၁၂ လဆက်တိုက်ရပ်တည်ခဲ့သော မြန်မာနိုင်ငံသည် ကုန်ထုတ် လုပ်ရေး ကဏ္ဍအတွင်း တိုးတက်မှုနှုန်းနည်းပါးလာသောကြောင့် အဆင့် (၃) နေရာသို့ ကျဆင်းခဲ့ကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့်ပြုလုပ်သော HIS Markit စစ်တမ်းတွင် ဖော်ပြချက် အရသိရသည်။ ဖေဖော်ဝါရီဒေတာအရ အာဆီယံထုတ်လုပ်ရေးကဏ္ဍသည် အော်ဒါမှာယူမှုပမာဏများ ကိုးလကြာ အမြန်ဆုံးနှုန်းဖြင့်တိုးလာခဲ့ပြီး လုပ်ငန်း အခြေအနေသည် ပြီးခဲ့သည့်မေလမှစပြီး ပထမဦးဆုံးအကြိမ်တိုးလာခဲ့သည်။ ခြုံကြည့်လျှင် တိုးတက်မှုမှာ ဒသမ ဂဏန်းမျှသာရှိခဲ့ပြီး ထုတ်လုပ်မှုသည် သုံးလအတွင်း ပထမအကြိမ် ကျဆင်းလာကာ အလုပ်ခန့်ထားမှုမှာလည်း ထပ်မံကျဆင်းနေဆဲဖြစ်သည်။ အဓိက အကျဆုံး PMI အညွှန်းမှာ ဇန်နဝါရီတွင် ၄၉ ဒသမ ၈ ရှိရာမှ ဖေဖော်ဝါရီတွင် ၅၀ ဒသမ ၂ ကို တက်လှမ်းခဲ့သော်လည်း တိုးတက်မှုပမာဏ ဒသမဂဏန်းသာရှိခြင်းဖြစ်သည်။ အော်ဒါအသစ်များမှာ ပြီးခဲ့သည့်မေလမှစပြီး အမြန်ဆုံးနှုန်းဖြင့် တိုးလာသော်လည်း အသင့်အတင့်သာဖြစ်ခဲ့သည်။ ပြီးခဲ့သည့် နိုဝင်ဘာမှစပြီး ထုတ်လုပ်မှု ပထမအကြိမ် ကျဆင်းလာပြီး လုပ်သားအင်အားမှာ သုံးလအတွင်း အမြန်ဆုံးနှုန်းဖြင့်ကျဆင်းခဲ့ရာ ထုတ်လုပ်မှုနှင့်အလုပ်နေရာများ ကျဆင်းမှုသည် ညွှန်းကိန်းအပေါ် ဖိစီးလာခဲ့သည်။ စစ်တမ်းတွင်ပါဝင်သည့် ခုနစ်နိုင်ငံ အနက် ဖေဖော်ဝါရီ၌ ဖိလစ်ပိုင်နိုင်ငံက PMI အညွှန်း

၅၂ ဒသမ ၃ ဖြင့် အကောင်းဆုံး စွမ်းဆောင်မှုကို မှတ်တမ်းတင်လိုက်ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှစပြီး လုပ်ကိုင်မှု အခြေအနေများတွင် ပူးတွဲအမြန်ဆုံး တိုးတက်မှုကိုအချက်ပြခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံကပါ ရှစ်လအတွင်း ပထမအကြိမ်အဖြစ် တိုးတက်မှုကို အစီရင်ခံခဲ့ပြီး PMI အညွှန်း ၅၁ ဒသမ ၉ မှာ အသင့်အတင့် ဦးမော့လာမှုကို ညွှန်ပြနေသည်။

အခြားနိုင်ငံများအကြား၌ မြန်မာနိုင်ငံက လုပ်ကိုင်မှုအခြေအနေများ အဓိကအားဖြင့် တုံ့ဆိုင်းလာခြင်းကို အစီရင်ခံခဲ့ပြီး PMI အညွှန်းသည် ကြားနေအမှတ်ဖြစ်သည့် ၅၀ အောက် ရောက်သွားပြီး ၄၉ ဒသမ ၈ အထိ နိမ့်ဆင်းသွားသည်။ ထိုင်းနိုင်ငံကလည်း ထုတ်လုပ်ရေးအခြေအနေများ ဒုတိယမြောက်လ အဖြစ် ဆက်တိုက်ဆုတ်ယုတ်လာကြောင်း အစီရင်ခံခဲ့ပြီး PMI အညွှန်း ၄၉ ဒသမ ၅ မှာ ၂၀၁၈ ခုနှစ် အောက်တိုဘာမှစ၍ အနိမ့်ဆုံးဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် လုပ်ငန်းရပ်တန့်မှုများရှိကြောင်း အစီရင်ခံမှုများအကြား ဗီယက်နမ်၏ PMI အညွှန်းသည် ၄၉ ဖြင့် လုပ်ငန်းအခြေအနေ ဆုတ်ယုတ်လာကြောင်း ၂၀၁၅ ခုနှစ် နှောင်းပိုင်းမှစ၍ ပထမဦးဆုံးအကြိမ်အချက်ပြခဲ့သည်။ မလေးရှားကုန်စည်ထုတ်လုပ်သူတို့ကလည်း လွန်ခဲ့သည့်ငါးနှစ်တာကာလတွင်း အများဆုံး မြင်ခဲ့ကြရသည့်အတိုင်း ဖေဖော်ဝါရီတွင် လုပ်ငန်းအခြေအနေများ ဆုတ်ယုတ်လာကြောင်း မှတ်တမ်းတင်ခဲ့ပြီး PMI အညွှန်း ၄၈ ဒသမ ၅ သာရှိခဲ့သည်။ စင်ကာပူနိုင်ငံ၏ ကုန်ထုတ်လုပ်မှုကဏ္ဍလည်း ဖေဖော်ဝါရီတွင် ကျဆင်းမှုရှေ့ဆက်ခဲ့ပြီး PMI အညွှန်း ၄၅ ဒသမ ၈ ဖြင့် လေးလအတွင်း အနိမ့်ဆုံးဖြစ်လာကာ ထုတ်လုပ်ရေးကဏ္ဍ အခိုင်အမာ ဆုတ်ယုတ်နေဆဲဖြစ်ကြောင်း အချက်ပြနေသည်။

ခြုံကြည့်လျှင် ဖေဖော်ဝါရီတွင် အာဆီယံ ထုတ်လုပ်ရေးကဏ္ဍ၏ လုပ်ကိုင်မှု အခြေအနေများမှာ တစ်စိတ်တစ်ဒေသအားဖြင့် အော်ဒါသစ်ရရှိမှုနှုန်း မြင့်မားလာမှု၏ပံ့ပိုးမှုကြောင့် ဒသမဂဏန်းမျှ တိုးတက်လာခဲ့သည်။ ဖေဖော်ဝါရီဒေတာက အားပျော့လာနေသည့် လက္ခဏာများကို ဆက်လက်မီးမောင်းထိုးပြလိုက်သော်လည်း ထုတ်လုပ်မှုကျဆင်းလာခဲ့ခြင်းမှာ သုံးလအတွင်း ပထမဦးဆုံးအကြိမ်ဖြစ်ခဲ့ပြီး နိုင်ငံခြားတင်ပို့ရေး အော်ဒါသစ်များမှာ ပြီးခဲ့သည့်စက်တင်ဘာမှစ၍ အမြန်ဆုံးနှုန်းဖြင့် ကျဆင်းလာကာ ကုမ္ပဏီများက ဝန်ထမ်းပမာဏများကို ကိုးလဆက်တိုက်လျှော့ချခဲ့ကြသည်။

ဖေဖော်ဝါရီ ဒေတာက ထုတ်လုပ်မှုအကြို လက်ကျန်စာရင်းများ လေးလအတွင်း အများဆုံးနှုန်းဖြင့် ကျဆင်းလာခဲ့ခြင်းကို မီးမောင်းထိုးပြလိုက်ချိန်တွင် သိုလှောင်ထားသည့် ကုန်ချောများမှာမူ လွန်ခဲ့သည့် ဩဂုတ်မှစပြီး ပထမအကြိမ်အဖြစ် ကျဆင်းသွားသည်။ ဈေးနှုန်းများကို လေ့လာကြည့်လျှင် ကုန်ကျစရိတ်ဝန်ထုပ်များ ဆက်လက်ကြီးထွားလာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ လွန်ခဲ့သည့် မေလမှစ၍ အများဆုံးဖြစ်ခဲ့သည်။ ကုမ္ပဏီများသည် လာမည့်တစ်နှစ်အတွင်း ထုတ်လုပ်မှုမြင့်တက်မည်ဟု အပြုသဘောမြင်နေကြသော်လည်း ခြုံပြောရလျှင် အကောင်းမြင်မှုမှာ လေးလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့သည်။

**Source:** https://news-eleven.com/article/162534

## တရုတ်ပြည်သို့ ကြံတင်ပို့ရန် ကားငှားမရ၍ ကြံစိုက်တောင်သူများ အခက်ကြုံ



**တရုတ်နိုင်ငံသို့ ပစ္စည်းတင်ပို့ရန် ဖေဖော်ဝါရီ ၂၅ ရက်နောက်ပိုင်းမှ စတင်ဖွင့်လှစ်ခဲ့သော်လည်း ကားငှား၍ မရသဖြင့် ကြံစိုက်တောင်သူများ အခက်ကြုံနေကြရကြောင်း သတင်းရရှိသည်။** "လမ်းကြောပွင့်ပြီး တရုတ်နိုင်ငံကို တခေါက်တင်ပို့လိုက်ရတယ်၊ အဲနောက်ပိုင်းကစတင်ပြီး ခုချိန်ထိ ကားငှား လို့မရတော့ဘူး၊ တစ်သျှူးငှက်ပျောသီး တင်ပိုဖို့အတွက် ကားတွေကိုဈေးကြီးပေး ခေါ်သွားတာကြောင့် ဒီလိုဖြစ်သွားတာပါ၊ ၁၂ဘီးကားကို ကျွန်တော်တို့ ကြံက ၂၅တန်တင်တယ်၊ တစ်တန်ကို ငါးသောင်းပေးရတယ်၊ သူတို့က ၁၇ တန်ပဲတင်ပြီး ကြံတင်တဲ့ ၂၅ တန်နှုန်းကိုပေးတော့ ကားသမားတွေက ကျွန်တော်တို့ကြံဆိုရင်မတင်ကြတော့ဘူး။"ဟု ကြံတင်ပို့နေသည့် ကိုချိုးတူးက ပြောသည်။

တရုတ်နိုင်ငံကကြံအား ကုန်ကြမ်းအတိုင်းဝယ်ယူနေသည့်အပြင် ကြံတစ်တန်လျှင် ပြည်တွင်းစက်ရုံများက ပေးအပ်ခြင်း

မရှိသော ဈေးနှုန်းဖြစ်သည့် တစ်သိန်းကျပ်အထိ ပေးဝယ်ခြင်းကြောင့် စိုက်ပျိုးတောင်သူများမှ အဆင်ပြေသဖြင့် တင်ပို့လိုကြသော်လည်း တင်ပို့ရန်ပင် ကားငှားမရသဖြင့် အခက်တွေ့နေကြခြင်းဖြစ်သည်။ "တစ်သျှူးငှက်ပျောက ၁၇တန်လောက်တင်ပြီး တစီးကို ၂၅သိန်းလောက်ရနေတာဆိုတော့ ကြံဆိုရင်လှည့်တောင်မကြည့်တော့ဘူး၊ အဲဒီအတွက် ပြည်တွင်း စက်ရုံတွေ ပို့ဖို့ကြတော့လည်း ခွဲတမ်းနဲ့ရောင်းနေရတာ ဖြစ်တဲ့အတွက် ရောင်းရမှုကနည်းသွားတယ်၊ အဲဒီတော့အဆင်မပြေတော့ဘူးပေါ့၊ ဒီအတိုင်းပဲ ဆက်ဖြစ်နေမယ်ဆိုရင် ပြည်တွင်းကြံတွေ စုပြုံသွားမယ်။"ဟု ထီးချိုင့်မြို့နယ် ကြံစိုက်တောင်သူဦးတင်ဆောင်က ပြောသည်။

တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသဖြင့် ပြည်တွင်းရောင်းချမှုပြုလုပ်လိုသော်လည်း ပြည်တွင်း သကြားစက်ရုံများကလည်း ကြံကြိတ်ဝါးမှုကို လျှော့ချထားခြင်းကြောင့် ပြည်တွင်းတွင် ထွက်ရှိနေသော ပမာဏအားလုံးကို ဝယ်ယူနိုင်မည်အခြေအနေတွင် မရှိကြောင်း၊ ထို့အတွက် ပြည်တွင်းသကြားဈေးကွက်မှာ တဖြည်းဖြည်းကျဆင်းလာခြင်းကြောင့် ကြံဈေးမှာလည်း ရရှိခြင်းမရှိသဖြင့် ထပ်မံစိုက်ပျိုးရန်ပင် မလွယ်သည့် အခြေအနေဖြင့် ရင်ဆိုင် နေရကြောင်းသိရသည်။ "သကြားလက်ကျန်တွေက များနေတယ်၊ အဲဒီအတွက် ယခုနှစ်ကြံကြိတ်ဝါးမှုကိုတောင် လျှော့ချထားရတယ်၊ ကြံစိုက်ခင်းအသစ်တွေကိုလည်း ဝယ်ယူပေးနိုင်ခြင်းမရှိတော့ဘူးလို့လည်း ကြံစိုက်တောင်သူတွေကို အသိပေးထားပါတယ်။"ဟု ထီးချိုင့်မြို့နယ်၊ မောင်ကုန်းကျေးရွာရှိ ဂရိတ်ဝေါလ်ဝေမာသကြားစက်ရုံမှူး ဦးကျော်နိုင်ကပြောသည်။ လက်ရှိတွင် နိုင်ငံတကာဈေးမြင့်တက်လာခြင်းကြောင့် ပြည်တွင်းသကြားဈေးမြင့်တက်လာကာ တစ်ပိဿာလျှင် ၉၃၀ ကျပ်ရောက်ရှိလာခြင်းကြောင့် ပြည်တွင်းသကြားစက်ရုံများအတွက် လူးသာလွန့်သာ အခြေအနေရောက်ရှိလာသည်ဟုသိရသည်။

**Source:** http://www.mizzimaburmese.com/article/67780

## COVID-19 ကြောင့် မြန်မာသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အနာဂတ်တွင် ထိခိုက်နိုင်



COVID-19 ကြောင့် မြန်မာနိုင်ငံသို့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဝင်သည် လက်ရှိတွင် ပုံမှန်အတိုင်းရှိနေသေးသော်လည်း အနာဂတ်ကာလ၌ ထိခိုက်လာနိုင်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ "အခုထိတော့ ရင်းနှီးမြှုပ်နှံမှုက ပုံမှန်ဝင်တယ်ဆိုတဲ့ အကြောင်းအရာတွေက လက်ထဲမှာ လုပ်လက်စတွေ ရှိတယ်။ ထပ်ဝင်လာမလားဆိုတာကတော့ အုံနဲ့ကျင်း နဲ့ ဝင်မလာဘူး။ ဒါပေမဲ့ မဝင်လာတော့ဘူးလားလို့လည်း ပြောလို့မရဘူး။ အသစ်အသစ်တွေကတော့ တစ်ခုစ နှစ်ခုစတော့ရှိနေသေးတယ်။ ဒါပေမဲ့ ဟိုဘက်က ထိခိုက်မှုကကြီးတဲ့အတွက် တဖြည်းဖြည်းနဲ့တော့ အနည်းနဲ့အများ ထိခိုက်မှုရှိလာနိုင်တယ်။ တစ်ကမ္ဘာလုံးထိခိုက်တယ်ဆိုတဲ့နောက် မြန်မာနိုင်ငံလည်း ထိခိုက် လာနိုင်တယ်"ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

COVID-19 ကြောင့် တရုတ်နိုင်ငံ၌ စီးပွားရေးထိခိုက်မှုကြီးမားသဖြင့် မြန်မာနိုင်ငံသို့ဝင်မည့် တရုတ်ရင်းနှီးမြှုပ်နှံမှု အလားအလာမကောင်းနိုင်ကြောင်း ဦးမျိုးမင်းက သုံးသပ်သည်။ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးကလည်း COVID-19 ကြောင့် တရုတ်အပါအဝင် အခြားနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုတုံ့ဆိုင်းသွားနိုင်သည်ဟု ပြော သည်။ "တရုတ်ကူးစက်ရောဂါကြောင့် တစ်ကမ္ဘာလုံးထိသွားတယ်။ သူကိုယ်တိုင်က ထူထောင်နိုင်ဖို့ အတော်ကြိုးစားရမှာဖြစ်တဲ့အတွက် တရုတ်နဲ့ပတ်သက်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေပဲဖြစ်ဖြစ်၊ အခြားနိုင်ငံတွေရဲ့ ရင်းနှီးမြှုပ်နှံမှုပဲဖြစ်ဖြစ်၊ လုံးဝပိတ်တာမဟုတ်ပေမယ့် အခိုက်အတန့်တော့ တုံ့ဆိုင်းသွားနိုင်တယ်။ ဒါနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွက်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ထိခိုက်မှုတွေရှိလာနိုင်တယ်"ဟု ၎င်းက မြန်မာတိုင်းနေ့စဉ်သို့ပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၌ အာဆီယံကိုးနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံထားပြီး ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ နိုင်ငံပေါင်း

၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၁၈၇၆ ခု စုစု ပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏကန်ဒေါ် လာ ၈၃ ဘီလီယံခန့်ရှိကြောင်း သိရ သည်။ အာဆီယံကိုးနိုင်ငံ၏ ရင်းနှီးမြှုပ် နှံ မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၈ ဘီလီယံကျော်ရှိပြီး နိုင်ငံခြားရင်း နှီးမြှုပ်နှံမှုစုစုပေါင်းပမာဏ၏ ၄၆ ရာခိုင်နှုန်းကျော်အထိရှိသည်။ မြန်မာနိုင်ငံ၌ စင်ကာပူ၏ရင်းနှီးမြှုပ်နှံမှု အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံကျော်ရှိကာ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းပမာဏ၏ ၂၆ ရာခိုင်နှုန်းကျော်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/136255.html

## COVID-19 ကြောင့် ကုန်သွယ်မှုအပေါ် ထိခိုက်မှုရှိနေသဖြင့် စီးပွားရေးထိခိုက်မှု ရှိ မရှိ လေ့လာသုံးသပ်ကြရန် စီးပွား/ကူးသန်း ပြည်ထောင်စုဝန်ကြီးပြောကြား

COVID-19 ကြောင့် ကုန်သွယ်မှုအပေါ် ထိခိုက်မှုရှိနေသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စီးပွားရေး ထိခိုက်မှုဖြစ်ပေါ်မှု ရှိမရှိ လေ့လာသုံးသပ်ကြရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး မိမိဒေသအတွင်းရှိ ထုတ်ကုန်များ၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပြည်တွင်းကုန်သွယ်မှု တိုးမြှင့်နိုင်ရေးအတွက် အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ သီးနှံဇုန်များ စနစ်တကျ ဖွဲ့စည်း ထူထောင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆိုသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် စားသုံးသူရေးရာဦးစီး ဌာနရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဦးစီးမှူးများအား တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားသည့် အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အထက်ပါအတိုင်း ပြောကြား ခဲ့ခြင်းဖြစ်သည်။ စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ ဈေးကွက်အတွင်း လေ့လာစုံစမ်းစိစစ်ခြင်း၊ စားသုံးသူ ထိခိုက်နစ်နာမှုများအပေါ် ဥပဒေနှင့်အညီ စနစ်တကျဖြေရှင်းပေးခြင်းများကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မည်သည့် လုပ်ငန်းရပ်များကိုမဆို လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ “တရုတ်နိုင်ငံမှာ နှစ်သစ်ကူးပိတ်ရက်များနဲ့ဆက်ပြီးတော့ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် တရုတ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးမှာ ကုန်သွယ်မှု ထိခိုက်ခဲ့ပါတယ်။ နှစ်သစ်ကူးပိတ်ရက်ဖြစ်တဲ့ ဇန်နဝါရီ ၂၃ ရက်ကနေ ဖေဖော်ဝါရီ ၁၈ ရက်အထိ ယခင်နှစ်ကာလတူနဲ့ နှိုင်းယှဉ်မယ်ဆိုရင် တရုတ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးမှာ ပို့ကုန်ဒေါ်လာ ၁၅၂ သန်းနဲ့ သွင်းကုန်ဒေါ်လာ ၅၇ သန်း ကုန်သွယ်မှုပမာဏဒေါ်လာ ၂၀၉ သန်း လျော့နည်းခဲ့တာကို တွေ့ခဲ့ရပါတယ်။ အဲဒီမှာ တရုတ်နိုင်ငံကို အဓိကတင်ပို့နေရတဲ့ ဖရဲ၊ သခွား ပုပ်သိုးလွယ်တဲ့ကုန်များ၊ ရေထွက်ပစ္စည်း တင်ပို့မှုများ ထိခိုက်ခဲ့ရပါတယ်” ဟု ဒေါက်တာသန်းမြင့်က ဆိုသည်။

ဝူဟန်ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် မူဆယ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ပြတ်တောက်ခဲ့ကာ အဆိုပါဗိုင်းရပ်စ် စတင်ဖြစ်ပွားခဲ့သည်မှ ရက်ပေါင်း ၂၀ ကျော်ကာလအတွင်း တရုတ်နိုင်ငံသို့ ဖရဲ၊ သခွားတင်ပို့မှုမှာ ဒေါ်လာသန်း ၅၀ ခန့် ဆုံးရှုံးခဲ့ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က တညင်းကုန်းဈေးရှိ မြန်မာနိုင်ငံ ဖရဲ၊ သခွားမွေး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲမှသိရသည်။ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်နှစ်လျှင် ဖရဲတန်ချိန် ရှစ်သိန်းကျော်တင်ပို့ပြီး သခွားမွေးတန်ချိန် တစ်သိန်းခွဲခန့်တင်ပို့လေ့ရှိကြောင်း၊ လက်ရှိအချိန်တွင် ဖရဲတန်ချိန် သုံးသိန်းကျော် တင်ပို့ထားပြီး သခွားတန်ချိန် ၄၀၀၀၀ ကျော်သာတင်ပို့ရသေးသဖြင့် များစွာကျန်ရှိနေသေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/162594

## သကြင်္နအပြီးတွင် ကုန်ကြမ်းများရောက်နိုင်သဖြင့် အထည်ချုပ်လုပ်ငန်းများ တောင့်ခံထားရန်လို



သင်္ကြန်ကာလအပြီးတွင် တရုတ်နိုင်ငံမှ ကုန်ကြမ်းများ ရောက်ရှိနိုင်သဖြင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ ဆက်လက်တောင့်ခံထားရန်လိုကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးကပြောသည်။ "အခြေအနေတော့ ပြန်ကောင်းလာတယ်။ ဝူဟန်မှာလည်း ယာယီဆေးရုံတွေတောင် ပြန်ပိတ်နေပြီလေ။ ဆေးရုံကဆင်းတဲ့လူတွေလည်းများသွားပြီ။ ကူးတဲ့သူ နည်းနည်းလာပြီဆိုတော့ သူတို့ဘက်ကကောင်းလာတယ်။ ဒီတစ်ပတ်ကစပြီး အဲ့ဒီစက်ရုံတွေ ပြန်လည်နေပြီလို့ Buyer တွေကပြောတယ်"ဟု ၎င်းက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

ယင်းသို့သော အခြေအနေအရ ကုန်ကြမ်းပိတ်စများမှာ သင်္ကြန်တွင်း သို့မဟုတ် သင်္ကြန်အပြီးတွင် ရောက်ရှိ လာနိုင်မည်ဟု တရုတ်နိုင်ငံဘက်မှ ပြောသည်။ မြန်မာနိုင်ငံတွင် ကုန်ထုတ်စက်ရုံများသည် တရုတ်မှ လာသော ကုန်ကြမ်းကို ရာခိုင်နှုန်း ၉၀ အထိ မှီခိုအားကိုး၍ စက်ရုံလည်ပတ်နေရခြင်းဖြစ်ပြီး COVID-19 ဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံဘက်မှ ကုန်ကြမ်းများ ဝင်ရောက်မှု ရပ်တန့်လျက်ရှိသည်။ "ကျွန်တော်တို့ တောင့်ခံရမှာက မတ်၊ ဧပြီလောက် ပဲဖြစ်မယ်။ မေလလောက်ဆိုရင်တော့ ပြန်ချုပ်နိုင်မယ်။ စက်ရုံတွေကတော့ မတ်၊ ဧပြီလောက်ကို ဘယ်လိုဆွဲဆန့် နိုင်မလဲဆိုတာ ကိုယ့်ဘာသာ ကိုယ်အစီအစဉ် လုပ်ကြပေါ့။ အလုပ်ချိန်နည်းအောင်လို့၊ အလုပ်ပိတ်ရက်များ အောင်လို့ ဆွဲဆန့်စောင့်ကြပေါ့။ အဲဒီလိုဆိုရင်တော့ အဖြေထွက်လာမှာပါ"ဟု ဦးမြင့်စိုးက ပြောသည်။

ပြည်တွင်း၌ လည်ပတ်နေသော CMP အထည် ချုပ်နှင့် အခြား CMP များဖြစ်သည့် ဖိနပ်ချုပ်၊ အိတ်ချုပ် နှင့် Electronic parts များ ထုတ်လုပ်သောလုပ်ငန်း များသည် လာမည့်နှစ်ပတ်အတွင်း၌ သော်လည်းကောင်း၊ မတ်လမကုန်မီအတွင်း၌ သော်လည်းကောင်း ကုန်ကြမ်းများ ပြတ်လပ်တော့မည့် စိုးရိမ်ဖွယ်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်း ရှင်များအသင်း CEC ကိုအောင်မျိုးဟိန်းက ပြောသည်။ လုပ်ငန်းလည်ပတ်မှုကို သင်္ကြန်မတိုင်မီ သို့မဟုတ် သင်္ကြန်ပြီးသည်အထိ ဆွဲဆန့်နိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံအများစုသည် နေ့စဉ်ပုံမှန် အလုပ်ချိန်ရှစ်နာရီသာ လုပ်ကိုင်တော့ခြင်း၊ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များအားလုံးကို လစာအပြည့်ဖြင့် အနားပေးခြင်းစသည်ဖြင့် ဆောင်ရွက်နေကြကြောင်းသိရသည်။

"ဧပြီလကုန်အထိကတော့ အခြေအနေအတော်လေး မကောင်းဘူး။ တကယ်လို့ မေလလောက်စနိုင်တယ် ဆိုရင်လည်း တရုတ်နိုင်ငံရဲ့ကုန်ကြမ်းကိုယူတာ မြန်မာတစ်နိုင်ငံပဲမဟုတ်ဘူး။ အခြားနိုင်ငံတွေလည်း အကုန်လုံးယူကြတဲ့အတွက် အပြိုင်အဆိုင် သူလုကိုယ်လုကြတဲ့ အခြေအနေဖြစ်တဲ့အတွက် အဲ့ဒီအခါဆိုရင် နောက်ထပ်ယှဉ်ပြိုင်မှုက အတော်လေး ကြုံရမယ့်အပိုင်းရှိပါတယ်။ ရင်လေးစရာကောင်းပါတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က တရုတ်နိုင်ငံမှ ကုန်ကြမ်းများပြန်လည် ရရှိချိန်တွင် အခြားသောနိုင်ငံများနှင့်အပြိုင် ကုန်ကြမ်းလုဝယ်ရမည့်အခြေအနေနှင့်ရင်ဆိုင်ရနိုင်သဖြင့် မေလ လောက်မှသာ လုပ်ငန်းများပြန်စနိုင်မည်ဟု ခန့်မှန်းကြောင်း ဖေဖော်ဝါရီ ၂၁ ရက်က မီဒီယာများကိုပြောခဲ့သည်။ ကုန်ကြမ်းပြတ်လပ်ချိန်ကြာမြင့်ခဲ့ပါက လုပ်သားအင်အားလျှော့ချခြင်း၊ စက်ရုံလည်ပတ်မှုယာယီရပ်နားခြင်း၊ အဆိုးဆုံးအခြေအနေတွင် လုပ်ငန်းပိတ်သိမ်းခြင်း အထိ ကြုံတင်မျှော်မှန်းပြင်ဆင်နေကြကြောင်း ဖေဖော်ဝါရီ ၂၇ ရက်တွင် ကုန်သည်/စက်မှုအသင်းချုပ်က ထုတ်ပြန်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/136224.html

## ဖရဲ၊ သခွားမွှေးပွဲတော်ငါးရက်အတွင်း အသီးတန်ချိန် ၁၂၀ ကျော် ရောင်းချနိုင်ခဲ့ဟုဆို



ရန်ကုန်မြို့ မြေပဒေသာကျွန်း၌ကျင်းပသည့် ဖရဲ၊ သခွားမွှေးပွဲတော်တွင် အသီးရောင်းချရမှု မျှော်မှန်းသည်ထက် နှစ်ဆခန့်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြောသည်။ ပြည်တွင်းစားသုံးမှုနှင့် ဝယ် လိုအားမြင့်တက်ရန် ဖရဲ၊ သခွား မွှေးပွဲတော်ကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ်လ ၄ ရက်အထိကျင်း ပခဲ့ရာ ငါးရက်အတွင်း ဖရဲနှင့် သခွားမွှေး ၁၂၁ တန်ရောင်းချခဲ့ ရသည်ဟုဆိုသည်။ “၁၀ ယောက်မှာ ခြောက် ယောက်လောက်က ဖရဲနဲ့သခွား မွှေးဝယ်သွားတယ်။ ဖရဲသီးရောင်းချနိုင်မှုကတော့ အများဆုံးပဲ” ဟု ဦးစိုးသန်းမင်းဒင်ကပြောသည်။

COVID-19 ကြောင့် အရောင်းအဝယ်တုံ့ဆိုင်းခဲ့သည့် ဖရဲနှင့်သခွားမွှေးဈေးကွက်နှင့်ပတ်သက်၍ “အခုနယ်စပ်မှာ ဖရဲ၊ သခွား တရုတ်ဘက်က ဆင်းဝယ်တာများလာတယ်။ ရောဂါပိုးမဖြစ်ခင်က အချိန်တော့မမီသေးဘူး။ အခုရက်ပိုင်း အစီး ၂၀၀ လောက် တရုတ်ဘက်ကိုသွားနေရပြီ။ ဒါပေမဲ့ ဈေးနှုန်းပိုင်းကျတော့ နည်းနေသေးတယ်” ဟု မူဆယ်ကုန်သွယ်ရေးဇုန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးဦးနန္ဒကပြောသည်။

တရုတ်နိုင်ငံသို့ ဖရဲ၊ သခွား တင်ပို့မှု ၂၀၁၆-၁၇ မှ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အထိ ဒေါ်လာသန်း ၃၀၀ ကျော်ရရှိသည်။ ၂၀၁၉ က ဖရဲ၊ သခွားမွှေးတန်ချိန်ရှစ်သိန်း ကျော် တရုတ်နိုင်ငံသို့ တင်ပို့ထား သည်။ ကယားနှင့်ချင်းပြည်နယ်မှ လွဲ၍ မြန်မာနိုင်ငံတွင် ဖရဲနှင့် သခွားမွှေးစိုက်ပျိုးထုတ်လုပ်နေ ပြီး မြန်မာနိုင်ငံ ဖရဲ၊ သခွားစိုက် ပျိုးထုတ်လုပ်ရောင်းချသူများအ သင်း စာရင်းအရ နိုင်ငံတစ်ဝန်း တွင် ဖရဲစိုက်ဧက ၉၃,၅၀၀၊ သခွားမွှေးဧက ၃၄,၁၅၀ ရှိသည်။

**Source:** https://7day.news/detail?id=180599

## မုံရွာမြို့တွင် လျှော်ဖြူထုတ်ကုန်များ ပြသသွားမည်

စစ်ကိုင်းတိုင်းဒေသကြီးလျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ မုံရွာမြို့၊ မြို့တော်ခန်းမ၌ ၂၀၂၀ခုနှစ် မတ်လ ၂၃ ရက်နေ့မှ ၂၄ ရက်နေ့ ကျင်းပပြုလုပ်မည့် စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီး မြှုပ်နှံမှုပြပွဲ တွင် လျှော်ဖြူထုတ်ကုန်များ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းဥက္ကဋ္ဌထံမှသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လျှော်ဖြူများကို ယခု အချိန်တွင် တရုတ်နိုင်ငံကိုသာ အဓိကထား တင်ပို့ရောင်းချနေခြင်းဖြစ်ပြီး "စစ်ကိုင်းတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုပြပွဲ"တွင် ပြသခြင်းဖြင့် တရုတ်နိုင်ငံသာမက အခြားနိုင်ငံများဖြင့်လည်း ချိတ်ဆက်တင်ပို့ရောင်းချနိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။ "ကျနော်တို့အနေနဲ့ စစ်ကိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုပြပွဲမှာ လျှော်ဖြူကို ဒေသထွက်ကုန်အနေနဲ့ပြသသွားမှာပါ။ လျှော်ဖြူအစေးကို အဖြူ၊ အဝါ၊ အညို၊ ကြာဖံရှည်၊ ကြာဖံတို စတဲ့ပုံစံမျိုးစုံနဲ့လည်းပြသသွားမှာပါ၊ လျှော်ဖြူဈေးကွက်က နိုင်ငံတကာဈေးကွက်မှာ နေရာတစ်ခုရှိတယ်၊ ဒါပေမဲ့ ကျနော်တို့အနေနဲ့ တိုက်ရိုက်မပို့နိုင်သေးဘူးပေါ့၊ အခု လောလောဆယ် အခြေအနေမှာ တရုတ်နိုင်ငံကနေတဆင့်ဘဲ နိုင်ငံတကာကိုသွားနေရတဲ့အခါကျတော့ ကျနော်တို့နိုင်ငံက ထွက်တယ်ဆိုတာ မသိသေးဘူးဖြစ်နေတယ်၊ အဲဒါကြောင့်မို့ ပြပွဲကနေပြီးတော့ လျှော်ဖြူတွေကို နိုင်ငံတကာနဲ့ချိတ်ဆက်နိုင်ဘို့ မျှော်လင့်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးလျှော်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးဇော်မင်းကပြောသည်။

အဆိုပါပြပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့်အလားအလာရှိ

ထုတ်ကုန်၊ ထွက်ကုန်များကို ပြသသွားမည်ဖြစ်ကာ လျှော်ဖြူထုတ်ကုန်များကိုလည်း ပြသသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးမှသိရသည်။"ဒီပြပွဲမှာ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေအပြင် အလားအလာရှိတဲ့ ထုတ်ကုန်၊ ထွက်ကုန်တွေကိုလည်း ပြသသွားမှာပါ။ ဥပမာအားဖြင့်ဆိုရင် လျှော်ဖြူမှာဆိုရင် ကျနော်တို့ဆီမှာ ကုန်ကြမ်းဘဲထွက်တယ်၊ ဒီရင်းနှီးမြှုပ်နှံမှုပြပွဲကို တက်ရောက်လာတဲ့ သူတွေထဲမှာလျှော် ဖြူကိုတွေ့တယ်ဆိုရင် ဘယ်လိုဝယ်မလဲ၊ ဒီမှာဘယ်လောက်ရနိုင်မလဲ၊ ဘယ်လိုအရည်အသွေးလုပ်ပေးနိုင်မလဲစတဲ့ ဘယ်လိုကုန်သွယ်မှုတွေ ဖြစ်လာမလဲပေါ့၊ ပြောချင်တာက အဲဒီလိုအခွင့်အလမ်းတွေရရှိနိုင်မှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဇော်ဦးကပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ လျှော်ဖြူများကို တစ်နှစ်တစ်နှစ်တိုးချဲ့စိုက်ပျိုးလျက်ရှိရာ အရည်အသွေးပြည့်မီသည့် လျှော်ဖြူအစေးများကိုထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန်အတွက် ကြိုးပန်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ လျှော်ဖြူများကို မုံရွာမြို့နယ်၊ အရာတော်မြို့နယ်၊စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ကသာမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ကလေးမြို့နယ်အစရှိသည့် မြို့နယ်များတွင် စိုက်ပျိုးလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ယခုအချိန်ထိ လျှော်ဖြူစိုက်ဧ ကပေါင်း(၃)သောင်းခန့်ရှိပြီး "စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုပြပွဲ"၌ လျှော်ဖြူကဲ့သို့ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များနှင့်ချိတ် ဆက်ဆောင်ရွက်နိုင်သည့် ထုတ်ကုန်၊ ထွက်ကုန်များအား ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ကိုရိုနာကြောင့် တနင်္သာရီကျွန်းစု ကင်းပုဇွန်လုပ်ငန်းများကိုထိခိုက်

ကိုရိုနာဗိုင်းရပ်စ် နောက်ဆက်တွဲအဖြစ် ထိုင်းနိုင်ငံက ရေထွက်ကုန်ကြမ်း ဝယ်ယူမှုရပ်ဆိုင်းထားရာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကင်းပုဇွန်နှင့် ရေထွက်ကုန်လုပ်ငန်းများထိခိုက်လာသည်ဟု ဒေသခံများကပြောသည်။ ဗိုင်းရပ်စ်ကြောင့် ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံနှင့် ရေထွက်ကုန်ပစ္စည်းများ ကုန်သွယ်မှုရပ်ဆိုင်းကာ စောင့်ကြည့်ကာလအဖြစ် လုပ်ဆောင်နေသည်။ ထို့အတွက် ထိုင်းနိုင်ငံမှ ကုန်သည်များသည် ရေထွက်ကုန်ကြမ်းရရှိရာ ပင်ရင်းဖြစ်သော မြန်မာနိုင်ငံမှ ရေထွက်ကုန်အများစုကို အဝယ်ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံ၏ ရေထွက်ကုန်ဝယ်ယူမှု ရပ်ဆိုင်းလိုက်ခြင်းကြောင့် ကင်းပုဇွန် (ပုကမ်း) ဖမ်းဆီးရေးလုပ်ငန်း၊ ကင်းမွန်(ပြည်ကြီးငါး)နှင့် ငါးဖမ်းဆီးရေးလုပ်ငန်းများကို ထိခိုက်လာစေသည်ဟု ၎င်းတို့က ပြောသည်။

ထိုင်းနိုင်ငံ၏ ရေထွက်ကုန်ဝယ်ယူမှု ရပ်ဆိုင်းလိုက်ခြင်းနှင့်အတူ ဒေသခံအဝယ်ကိုယ်စားလှယ်များကလည်း ရေထွက်ကုန်ကြမ်းဝယ်ယူမှုများကို လိုက်ပါရပ်ဆိုင်းလိုက်ခြင်းကြောင့် ဒေသခံရေထွက်ကုန်ဖမ်းဆီးလုပ်ကိုင်သူများအတွက် ထိခိုက်မှုများ ဆက်တိုက်ဖြစ်လာနေသည်ဟုဆိုကြသည်။ ''ဗိုင်းရပ်စ်ကြောင့် ထိုင်းကအဝယ်ရပ်လိုက်တော့ ရွာမှာလည်းဝယ်မယ့်ကိုယ်စားလှယ်မရှိတော့ဘူး။ အရင်တုန်းက ကင်းပုဇွန်အကောင်ကြီးတစ်ကောင်ကို ကျပ် ၁၃,၀၀၀ အထိရတယ်။ အခုတစ်ကောင် ကျပ် ၃,၀၀၀ အထိကို ဈေးကျသွားတဲ့အပြင် ဝယ်မယ့်သူလည်း မရှိတော့ဘူး။ အခုဆို ကင်းပုဇွန်ဖမ်းရောင်းလို့မရတော့ လူတွေလည်း တော်တော်ကျပ်တည်းတယ်''ဟု တနင်္သာရီတိုင်း၊ ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင် ကျေးရွာဒေသခံဖြစ်သူ ဦးသန်းလွင်ဦးက ပြောသည်။

တနင်္သာရီ၊ ကျွန်းစုကျေးရွာများတွင် ဖမ်းဆီးရမိသည့် ကင်းပုဇွန်များကို ဒေသခံအရောင်းကိုယ်စားလှယ်များက ဝယ်ယူကာ ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချကြခြင်း ဖြစ်သည်။ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံမှ တင်ပို့ရောင်းချသည့် ရေထွက်ကုန်များကို တရုတ်နိုင်ငံနှင့် အခြားသော နိုင်ငံကြီးများကို တစ်ဆင့် ပြန်လည်တင်ပို့ခြင်းဖြစ်သည်။ သို့ရာတွင် ကင်းပုဇွန်ကိုမူ တရုတ်သို့ အများဆုံး တင်ပို့ခြင်းဖြစ်သည်ဟု ဒေသခံများကပြောသည်။ ထိုင်းနိုင်ငံကုန်သည်ကြီးများသည် ရေထွက်ကုန်ကြမ်း ဝယ်ယူမှုရပ်ဆိုင်းလိုက်ချိန်တွင် ဒေသခံကိုယ်စားလှယ်များက တင်ပို့ရောင်းချသည့် ရေထွက်ကုန်ကြမ်းများအတွက် ငွေရှင်းပေးခြင်းကိုလည်း ယာယီရွှေ့ဆိုင်းမှုများ ပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံကိုယ်စားလှယ်များအတွက် ပိုမိုထိခိုက်မှုများ ဖြစ်ခဲ့သည်ဟု ၎င်းတို့က ပြောသည်။ ''ထိုင်းမှာ အဝယ်ရပ်ထားတာကို မသိဘူး။ အဝယ်ရပ်ထားတဲ့အချိန်မှာမှ ကင်းပုဇွန်တွေကို

ကျပ် ၂၉ သိန်းနီးပါးလောက် ဝယ်ပြီး ထိုင်းကို ပို့မိတယ်။ ဟိုရောက်တော့ ရောင်းလို့မရဘဲ ထိုင်းသူဌေးဆီမှာ ပစ္စည်းထားခဲ့ရတယ်။ ဘယ်အချိန်မှ ပြန်ဝယ်ပြီး ဘယ်ဈေးနဲ့ ပြန်ရှင်းပေးမယ်ဆိုတာ အခုထိ မသိရသေးဘူး။ အခုတော့ ကျွန်မလည်း ရွာမှာ ကုန်ကြမ်းပြန်ဝယ်တာကို ရပ်ထားရတယ်''ဟု ဘုတ်ပြင်းမြို့နယ်၊ ကြိမ်မဲတောင်ကျေးရွာမှ ကင်းပုဇွန်ဝယ်ရောင်းကိုယ်စားလှယ်ဖြစ်သူ ဒေါ်စီစီက ပြောသည်။

ထိုင်းနိုင်ငံ၏ ရေထွက်ကုန်ကြမ်း ပြန်လည်ဝယ်ယူမည့် အချိန်ကို ဒေသခံများသည် လက်ရှိအချိန်ထိ မသိရသေးခြင်းကြောင့် ဖမ်းဆီးရမိသည့် ကုန်ကြမ်းများကို မြိတ်မြို့သို့ တင်ပို့ရောင်းချခြင်းနှင့် သက်ဆိုင်ရာ ကျေးရွာများအတွင်း ပြန်လည်ရောင်းချခြင်းများဖြင့် ဖြေရှင်းနေကြရသည်ဟုလည်း ၎င်းတို့ကပြောသည်။ '' အခုတော့ ရွာထဲမှာ သားငါးတွေ အရမ်းပေါနေတယ်။ ထိုင်းကိုပဲ ပို့နေလို့ မမြင်ရတာ ကြာနေတဲ့ ငါးအကောင်းစားတွေတောင် ရောင်းနေတာတွေ့ရတယ်။ ထိုင်းက ဝယ်နေတဲ့အချိန်တုန်းက ဈေးအရမ်းကြီးတဲ့ ငါးတွေလည်း အခုဆို ရွာထဲမှာ ဈေးပေါပေါနဲ့ရတယ်။ ကင်းပုဇွန်လည်း ဈေးကျတော့ဖမ်းပြီး ရောင်းမယ့်သူတောင်မရှိတော့ဘူး'' ဟု ကြိမ်မဲတောင်ကျေးရွာဒေသခံ ဒေါ်စုစုလှိုင်ကပြောသည်။ တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်အတွင်းမှ ကျွန်းစုကျေးရွာအများစုသည် ရေထွက်ကုန်ကြမ်းများကို ထိုင်းနိုင်ငံ နယ်စပ်မြို့ဖြစ်သည့် ရနောင်းသို့သာ ရေလမ်းတင်ပို့မှုဖြင့် အများဆုံးကုန်သွယ်မှု လုပ်ဆောင်ကြခြင်းဖြစ်သည်။ ပြည်တွင်းဈေးကွက်ဖြစ်သည့် မြိတ်မြို့သို့တင်ပို့ရောင်းချခြင်းသည် ထိုင်းနိုင်ငံ၊ ရနောင်းမြို့သို့ တင်ပို့ရောင်းချခြင်းကဲ့သို့ ဈေးနှုန်းမရရှိခြင်းကြောင့် ၎င်းနည်းလမ်းကိုသာ ကျင့်သုံးဆောင်ရွက်ကြခြင်း ဖြစ်သည်ဟုလည်း ဒေသခံများကပြောသည်။

**Source:** https://myanmar.mmtimes.com/news/136262.html

## ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် ပြောင်းကုန်စည်ဒိုင် ဖွင့်လှစ်ဆောင်ရွက်မည်

ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့မည့် ကုန်စည်များစုဝေးသည့် မြဝတီပြောင်းကုန်စည်ဒိုင်ကို ယခုနှစ်အတွင်း ဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ ဦးဆောင်ပြီး တည်ထောင်သည့် မြဝတီပြောင်း ကုန်စည်ဒိုင်ကို သုံးလအတွင်းဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောခဲ့သည်။ "အရင်တုန်းက ကုန်စည်ဒိုင်လုပ်ရကောင်းမှန်း နားမလည်ကြဘူး။ ပြီးတော့ ကျွန်တော်တို့ မနှစ်ကမှ ထိုင်းကိုတင်ပို့လာကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကုန်စည်တွေက စုစည်းမှုမရှိတဲ့အခါကျတော့ တစ်ဖက်မှာဝယ်သူစိတ်ကြိုက်ဈေးကွက်ဖြစ်သွားတယ်။ ဝယ်လိုအား၊ ရောင်းလိုအားပေါ်မှာဖြစ်သင့်တဲ့ဈေးဖြစ်စေချင်တဲ့အတွက်ကြောင့် တည်ထောင်ကြရတာပါ"ဟု ပြောသည်။

မြဝတီပြောင်းကုန်စည်ဒိုင်ကို တည်ထောင်နိုင်ရန်အတွက် မတ် ၂ ရက် ညနေပိုင်းက ပြုလုပ်သည့် လုပ်ငန်းအစည်းအဝေးတွင် ငါးဦးကော်မတီဖွဲ့စည်းကာ သင်းဖွဲ့စည်းမျဉ်းနှင့် စနစ်တကျဆောင်ရွက်နိုင်ရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါအစည်းအဝေးသို့ တစ်နိုင်ငံလုံးမှ ပြောင်းကုန်သည်များအပါအဝင် ကုန်သွယ်ရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့လည်း တက်ရောက်ခဲ့ကြောင်းသိရသည်။ "မြဝတီမြို့ခံ ကုန်သည်တွေလည်းပါပါတယ်။ ရှမ်း(တောင်)၊ ရှမ်း(မြောက်) ကယား၊ မန္တလေး၊မကွေး၊ ဧရာဝတီ နေရာစုံက ကုန်သည်တွေ စုစုပေါင်း ၆၀ လောက် ပါဝင်ခဲ့ပါတယ်။ အစိုးရဘက်ကလည်း အားပေးကူညီတယ်။ လောလောဆယ်တော့ မြေနေရာနှစ်ခုလျာထားပါတယ်"ဟု ဦးမင်းခိုင်ကပြောသည်။ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှုရှိခဲ့သော်လည်း ယမန်နှစ်မတ်လမှစတင်ကာ ထိုင်းနိုင်ငံ၏ ပြောင်းဝယ်လိုအားမှာ သိသိသာသာတက်လာခဲ့ကြောင်းသိရသည်။ ယခင်က ပြောင်း ၁၅ ကီလိုဂရမ်ကို ထိုင်းငွေ ၉၈ ဘတ် ဝန်းကျင်ခန့်သာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် ပြောင်း ၁၅ ကီလိုဂရမ်ကို ထိုင်းဘတ် ၁၀၇ ဘတ်နှင့် ၁၀၈ ဘတ်ကြား ရောက်ခဲ့ကြောင်း သိရသည်။ သို့သော်ပြောင်းဈေးနှုန်းမြင့်တက်လာသော်လည်း မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်နေခြင်းကြောင့် တွက်ခြေမကိုက်ကြောင်း ကုန်သည်များထံမှသိရသည်။ "ကျွန်တော်တို့ ကယားပြည်နယ်မှာလည်း ကုန်စည်ဒိုင်ဖွင့်ဖို့ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ရှမ်း(တောင်)ဘက်ကလာတဲ့ ပြောင်း ကုန်သည်တွေအတွက် ပို့ဆောင်ရေးလမ်းကြောင်း တိုစေဖို့၊ ပို့ဆောင်စရိတ် သက်သာစေဖို့ ဆောင် ရွက်နေတာဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောဆိုသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများတွေ့ဆုံ၍ ပြောင်းသီးနှံကဏ္ဍတန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရေးအတွက် အမျိုးသားပြောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ရေးဆွဲရန်စီစဉ်လျက်ရှိသည်ဟု

သိရသည်။ လက်ရှိအချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မဟာဗျူဟာနှင့်ချိတ်ဆက်ဆောင်ရွက်ကာ အမျိုးသား ပြောင်း ဖိုရမ်ကို နေပြည်တော်တွင်ကျင်းပရန်စီစဉ်ထားပြီး ပြည်တွင်းပြောင်းဈေးကွက်တည်ငြိမ်ရေး၊ ပြည်ပဈေးကွက်ခိုင်မာရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ မြန်မာ နိုင်ငံတွင် ပြောင်းစိုက်ဧရိယာ ၁ ဒသမ ၅ သန်း ရှိပြီး ပြောင်းတင်းပေါင်း ၇၁သန်း ကျော် (မက်ထရစ်တန် ၃ ဒသမ ၂ သန်း) ထွက်ရှိလာခဲ့သည်။

**Source:** https://myanmar.mmtimes.com/news

## အိန္ဒိယသို့ မတ်ပဲတန်ချိန် နှစ်သိန်းခွဲတင်သွင်းခွင့် အချိန်ထပ်တိုးရ

အိန္ဒိယဈေးကွက်သို့ မြန်မာက တင်ပို့နေသော မတ်ပဲတန်ချိန်နှစ်သိန်းခွဲကို ဆိပ်ကမ်းအရောက် တင်သွင်းခွင့် တစ်လတိုး၍ ဧပြီလကုန်ထိ တင်သွင်းနိုင်ကြောင်း အိန္ဒိယအစိုးရက ယခုလ ၃ ရက်က ထုတ်ပြန်ကြေညာသည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်း လိုအပ်ချက်ကြောင့် ၂၀၁၉ ဒီဇင်ဘာလ၊ တတိယအပတ်တွင် ခွဲတမ်းဖြင့် မတ်ပဲတန်ချိန်နှစ်သိန်းခွဲဝယ်ယူရန် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်တွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လကုန်တွင် အိန္ဒိယဆိပ်ကမ်းအရောက် နောက်ဆုံးတင်သွင်း ရမည်ဟုပါရှိသည်။

ယခုအခါ ဆိပ်ကမ်းအရောက်တင်သွင်းရက်ကို ၂၀၂၀ ပြည့်နှစ်၊ ဧပြီလကုန်အထိ တစ်လထပ်တိုး၍ တင်သွင်းခွင့်ပြု လိုက်ခြင်းဖြစ်ပြီး ထပ်မံတိုးပေးတော့မည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။ "ဒီဇင်ဘာလကုန်လောက်မှာ ကြေညာတယ်။ ဇန်နဝါရီထဲမှာ လိုင်စင်ချပေးဖို့ အချိန်ယူတယ်။ ဖေဖော်ဝါရီလနဲ့ မတ်လနှစ်ပတ်အတွင်းမှာ ဘယ်လိုမှ တန်ချိန် နှစ်သိန်းခွဲ မတင်ပို့နိုင်ဘူး။ မတ်ပဲအနေနဲ့ သူတို့လိုအပ်ချက်ရှိတယ်လို့ပဲ ကျွန်တော်တို့သုံးသပ်တယ်။ လိုအပ်ချက်ရှိတော့ နောက်ထပ်ဧပြီလကုန်အထိ တစ်လထပ်တိုးတယ်ဆိုပြီး စာထွက်ပေးတဲ့သဘောပါပဲ"ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

ပြီးခဲ့သောလက သမ္မတဦးဝင်းမြင့်၏ အိန္ဒိယခရီးစဉ်အတွင်း မြန်မာနိုင်ငံမှပဲကို ပိုမိုဝယ်ယူပေးရန်ပြောဆိုခြင်းနှင့် အိန္ဒိယဘက်မှလိုအပ်ချက်ကြောင့် အချိန်တစ်လထပ်တိုးပေးခြင်းသည် မြန်မာနိုင်ငံမတ်ပဲစိုက်တောင်သူများအတွက် ပိုကောင်း ပြီး ဝယ်ယူနိုင်သည့်ကာလလည်း ပိုရှည်လာမည်ဟု ၄င်းကဆိုသည်။ လက်ရှိတွင် တင်ပို့နေဆဲကာလဖြစ်သည့်အတွက် တန်ချိန်မည်မျှထိ တင်ပို့ပြီးသည်ကို တိကျစွာ မသိရသေးသော်လည်း တန်ချိန်တစ်သိန်းခွဲဝန်းကျင်သာအများဆုံး တင်နိုင်မည်ဟု မြန်မာနိုင်ငံ ပဲနှမ်းစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ခန့်မှန်းထားသည်။ "အခုလို ဧပြီလကုန်ထိ ပေးလိုက် တယ်ဆိုရင်တော့ သင်္ကြန်မတိုင်ခင် နောက်ဆုံးတင်ပို့လို့ရမယ်။ ဧပြီလကုန် နောက်ဆုံးထားပို့ရမယ်ဆိုရင်တောင် တန်ချိန် နှစ်သိန်းခွဲက ပြည့်မီချင်မှ ပြည့်မီမယ်"ဟု ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယအစိုးရ၏ မူဝါဒသည် ပဲဈေးနှုန်းမြင့်တက်ခြင်းကို ရှောင်ရှားရန်နှင့် ၄င်းပဲစိုက်တောင်သူများကို ထိခိုက်မှုမရှိစေရန် ပြည်ပမှပဲများကို ခွဲတမ်းစနစ်ဖြင့် ထိန်းသိမ်းဝယ်ယူနေခြင်းသည်။ "အိန္ဒိယအစိုးရမူဝါဒနဲ့ ထိန်းချုပ်ထားတဲ့အခါကျတော့ ဒီနှစ်လို ပဲလိုအပ်ချက်တကယ်ရှိတဲ့ နှစ်မျိုးဆိုရင် စိုက်ပျိုးထုတ်လုပ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဈေးပိုရတာများတယ်။ ဒါပေမဲ့ အခုလို ကိုတာနဲ့ အရေအတွက်ကန့်သတ်ထားတဲ့ အခါကျတော့ အိန္ဒိယမှာဖြစ်နေတဲ့ ပေါက်ဈေးလောက် စရိတ်နုတ်ပြီး ကျွန်တော်တို့ မရနိုင်ဘူး"ဟု ဦးမင်းကိုဦးက ပြောသည်။

မတ်လ ၃ ရက်တွင် ပြည်တွင်း မတ်ပဲ ဈေးနှုန်းပေါက်ဈေးသည် တစ်တန်လျှင် ကျပ် ၉၇၀,၀၀၀ ဝန်းကျင်ရှိပြီး ပြီးခဲ့သော လက ၁၀ သိန်းကျော်ရှိခဲ့သည့်အတွက် ယခုပေါက်ဈေးနှုန်းသည် ဈေးနှုန်းအနည်းငယ်ကျဆင်းခဲ့သည်။ ထိုသို့ဖြစ်ခြင်းသည် ယခုကာလတွင် မတ်ပဲလှိုင်လှိုင် ပေါ်ချိန်ဖြစ်ခြင်းနှင့် အိန္ဒိယဘက်တွင်လည်း ဈေးနှုန်းပြန်ကျခြင်းကြောင့်ဖြစ်သည်ဟု ပဲအသင်းက ဆိုသည်။ သမ္မတဦးဝင်းမြင့်က အိန္ဒိယခရီးစဉ်အတွင်း ပဲတန်ချိန်လေးသိန်း မြန်မာနိုင်ငံကဝယ်ယူရန် တောင်းဆိုခဲ့ သည်။

**Source:** https://myanmar.mmtimes.com/news/136261.html

## ကမ္ဘောဒီးယားအပေါ် EU မှ ကုန်သွယ်မှုအခွင့်အလမ်းများလျော့ချရန်စီစဉ်

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးအရ နိုင်ငံတော်အားဆန့်ကျင်သူများ အပေါ်နှိမ်နင်းဖြိုခွင်းသည်ကို တုံ့ပြန် အရေးယူသည့်အနေဖြင့် ဥရောပကော်မရှင်က လက်နက်မှလွဲ၍ အခြားကုန်ပစ္စည်းအားလုံးကို အခွန်ကင်းလွတ်ပေးသည့် အစီအစဉ် (Everything But  Arms-EBA Programme) အောက်မှ ကမ္ဘောဒီးယားနိုင်ငံက ဥရောပသမဂ္ဂ(အီးယူ)သို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများအနက်မှ အချို့အပေါ် အခွန်ကင်းလွတ်ခွင့်ရုတ်သိမ်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အီးယူသို့ကုန်ပစ္စည်းမျိုးစုံ ယူရို ၅ ဘီလီယံဖိုးတင်ပို့ခဲ့ကြောင်း၊ သို့ရာတွင် လက်ရှိပေးထားသော ကုန်သွယ်မှု ဦးစားပေးအခွင့်အရေးအားလုံးကို ရုတ်သိမ်းမည်မဟုတ်ကြောင်း၊ အထည်ချုပ်ကဏ္ဍကဲ့သို့ အလုပ်သမားများ အလုပ်အကိုင်ရရှိစေသည့်ကဏ္ဍကို အကူအညီအချို့ ဆက်လက်ပေးသွားမည်ဟုမျှော်လင့်ရကြောင်း၊ ထိုသို့ကုန်သွယ်မှု အခွင့်အရေးများကို ပြန်ရုတ်သိမ်းရန် ဆုံးဖြတ်ချက်ကို နောက်ကြောင်းပြန်လှည့်၍ရနိုင်သော်လည်း အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အီးယူပါလီမန်က တားဆီးပိတ်ဆို့ခြင်းမရှိပါက ဩဂုတ်လစောစောပိုင်းတွင် စတင်သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း၊ အီးယူအနေဖြင့် ကမ္ဘောဒီးယားအစိုးရအား တရုတ်နိုင်ငံဘက်သို့ ပိုမိုနီးကပ်စေရန်တွန်းပို့ရာ ရောက်စေနိုင်သည့်အချက်ကို သတိပြုလျက် ကမ္ဘောဒီးယားနိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးရေးလမ်းဖွင့်ပေးထားရန် စိတ်အားထက်သန်မှုရှိနေသည်ဟု သံတမန်များက ဝေဖန်ပြောကြားမှုများရှိနေပါကြောင်း firancial Times သတင်းစာဖော်ပြချက်များအရသိရှိရပါသည်။

**Source: ဂျီနီဗာ၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး** **MYANTRADE-TIR**

## အိန္ဒိယနိုင်ငံ၌ မတ်ပဲတင်သွင်းခွင့်ကာလ တိုးမြှင့်သတ်မှတ်ခြင်း

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မတ်ပဲတန်ချိန် ၂.၅ သိန်း ထပ်မံတိုးမြှင့်တင်သွင်းခွင့်ပြုကြောင်း ၁၉.၁၂.၂၀၁၉ နေ့၌ ကြေညာချက်ထုတ်ပြန်ခဲ့ရာတွင် ၎င်းပဲများအား ၃၁.၃.၂၀၂၀ နေ့ နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက် တင်သွင်းရန် ဖော်ပြခဲ့ပါသည်။

သို့ရာတွင် မတ်ပဲတန်ချိန် ၂ သိန်း ၅ သောင်းအား အဆိုပါ သတ်မှတ်ကာလအတွင်း အချိန်မီတင်သွင်းနိုင်ရန် ခက်ခဲသဖြင့် တင်သွင်းခွင့်သက်တမ်းတိုးမြှင့်ပေးရန် မေတ္တာရပ်ခံမှုများကို လွန်ခဲ့သော ၂ လတာအတွင်း ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနက လက်ခံရရှိခဲ့ပါသည်။ သို့ဖြစ်၍ ယခုအခါ ၎င်းမတ်ပဲများတင်သွင်းခွင့်ကာလအား ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်နေ့အထိ တိုးမြှင့်ခွင့်ပြုလိုက်ကြောင်း အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ၃.၃.၂၀၂၀ နေ့တွင် ကုန်သွယ်ရေး အသိပေးချက်အမှတ် ၅၄/၂၀၁၉-၂၀ ဖြင့် ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

ထပ်တိုးတင်သွင်းခွင့်ပြုသည့် မတ်ပဲများအတွက် သွင်းကုန်လိုင်စင်ရရှိထားသည့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပါ ပြင်ဆင်သတ်မှတ်သည့်နေ့ရက်အတွင်း အိန္ဒိယဆိပ်ကမ်းသို့အရောက် တင်သွင်းကြရန်နှင့် နောက်ထပ်မည်သည့် သက်တမ်းတိုးတောင်းဆိုမှုကိုမျှ ထပ်မံလက်ခံဆောင်ရွက်မည်မဟုတ်ကြောင်း သိရှိရပါသည်။

**Source: Trade Notice No. 54/2019-20 of Directorate General of Foreign Trade, Ministry of Commerce and Industry of India, 3rd March 2020**

စီးပွားရေးသံမှူး-မြန်မာသံရုံး၊ နယူးဒေလီမြို့

# STOCK EXCHANGE (5.3.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 5th Mar. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 11,500 | 11,500 | 11,500 | 3,797 | 43,665,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 6,175 | 24,391,250 | 38,929,150 | 153,770 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 11 | 92,400 | 10,400,986 | 87,368 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,000 | 22,500 | 22,000 | 212 | 4,742,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 26 | 75,400 | 12,823,224 | 37,187 |

## Market summary

As of 5th Mar. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.58 | -9.90 | -2.06% | 470.68 | 471.58 | 470.68 | 10,221 | 72,967,050 | 5 | 645,743 |

### Index chart




## Market Overview

As of 1:00 pm, 5th Mar. 2020

| MYANPIX | 471.58 ▼ 9.90 |
|---|---|
| Total Volume (shares) | 10,221 |
| Total Value (MMK) | 73 mil |
| Listed Company | 5 |
| Market Cap. (MMK) | 645,743 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,950 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,900 | ▲ 0 |